**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၇/၂၀၀၀ )**

၁၃၆၂ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

( ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်းအစားထိုးရမည် -

၁၅။ (က) နိုင်ငံရေးလစဉ် ပင်စင်ခံစားခွင့်ကို အသက် ၆၀ ပြည့်မှသာ စတင်ခံစားခွင့်ရှိသည်။

(ခ) သို့ရာတွင် အသက် ၆၀ မပြည့်သော်လည်း ကြီးလေးသော နိုင်ငံရေးတာဝန်ကို အပြစ်ကင်းရှင်းစွာ ထမ်းဆောင်သူဖြစ်လျှင် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့၍ နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်ပြုနိုင်သည်။

(ဂ) အသက် ၆၀ ပြည့်ပြီးနောက် တာဝန်ဆက်လက်ပေးအပ်ခြင်း ခံရသဖြင့် လစာငွေ ရရှိနေလျှင် ထိုကာလအတွင်း နိုင်ငံရေးလစဉ်ပင်စင်ကို ခံစားခွင့်မရှိစေရ။

၃။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၁၆ ကို ပုဒ်မ ၁၆ ပုဒ်မခွဲ (က)အဖြစ် ပြင်ဆင်ရမည်။

၄။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (က)နောက်တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ(ခ) အဖြစ် ဖြည့်စွက်ရမည် -

(ခ) သို့ရာတွင် ပုဒ်မ ၁၆ ပုဒ်မခွဲ(က)ပါ "ကွယ်လွန်သူ အသက်ဖိုပြည့်မြောက်သည့်နေ့မှ စ၍သာ ခံစားခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက်သည် ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ)အရ အသက်ကန့်သတ်ချက်ကို လျော့ပေါ့၍ နိုင်ငံရေး လစဉ်ပင်စင်ခံစားခွင့်ရှိသူနှင့် မသက်ဆိုင်စေရ။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ